ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

အမိန့်ကြော်ငြာစာအမှတ် ၄၁/ ၂၀၂၁

၁၃၈၂ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၀ ရက်

( ၂၀၂၁ ခုနှစ်၊ မတ်လ ၈ ရက် )

## ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင် ပြင်ဆင်ဖွဲ့စည်းခြင်း

၁။ နိုင်ငံတော်မှကျင့်သုံးလျက်ရှိသည့် ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ နိုင်ငံပိုင်အချို့အစားကို လျှော့ချ၍ ပုဂ္ဂလိကပိုင်အချို့အစားသို့ ပြောင်းလဲတိုးတက်လုပ်ဆောင်နိုင်ရန်နှင့် ပုဂ္ဂလိကပိုင်ပြုလုပ်ရေး လုပ်ငန်းစဉ်များအား စနစ်တကျ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် " ပုဂ္ဂလိကပိုင် ပြုလုပ်ရေးကော်မရှင် " ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ပြင်ဆင်ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (က) | ဒုတိယဥက္ကဋ္ဌ<br>နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ | ဥက္ကဋ္ဌ |
| (ခ) | ပြည်ထောင်စုဝန်ကြီး<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဂ) | ပြည်ထောင်စုဝန်ကြီး<br>စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | ပြည်ထောင်စုဝန်ကြီး<br>ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | ပြည်ထောင်စုဝန်ကြီး<br>သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စ) | ပြည်ထောင်စုဝန်ကြီး<br>လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | ပြည်ထောင်စုဝန်ကြီး<br>ပညာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |

| | | |
|---|---|---|
| (ဇ) | ပြည်ထောင်စုဝန်ကြီး<br>ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဈ) | ပြည်ထောင်စုဝန်ကြီး<br>ဆောက်လုပ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ည) | ပြည်ထောင်စုရှေ့နေချုပ်<br>ပြည်ထောင်စုရှေ့နေချုပ်ရုံး | အဖွဲ့ဝင် |
| (ဋ) | ပြည်ထောင်စုစာရင်းစစ်ချုပ်<br>ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး | အဖွဲ့ဝင် |
| (ဌ) | ပြည်ထောင်စုဝန်ကြီး<br>စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန | အတွင်းရေးမှူး |
| (ဍ) | ဒုတိယဝန်ကြီး<br>စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန | တွဲဖက်အတွင်းရေးမှူး |

၂။ ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ နိုင်ငံပိုင်အချိုးအစားကို လျှော့ချ၍ ပုဂ္ဂလိကပိုင် အချိုးအစားသို့ ပြောင်းလဲတိုးတက်လုပ်ဆောင်နိုင်ရန်အတွက် ပုဂ္ဂလိကပိုင်ပြုလုပ်ရေး လုပ်ငန်းစဉ်များအား စနစ်တကျ အကောင်အထည်ဖော်ဆောင်ရွက်ရန်၊

(ခ) ပုဂ္ဂလိကပိုင်ပြုလုပ်ရေးဆောင်ရွက်ရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များ၊ နိုင်ငံတော်မှချမှတ်ထားသည့် စီးပွားရေးအခြေခံမူများ၊ တည်ဆဲဥပဒေများနှင့် ကိုက်ညီအောင် ဆောင်ရွက်ရန်၊

(ဂ) စွမ်းဆောင်ရည်ကျဆင်းလျက်ရှိသည့် နိုင်ငံပိုင်စက်ရုံ၊ အလုပ်ရုံနှင့်လုပ်ငန်းများအား စွမ်းဆောင်ရည်တိုးတက်စေရေးအတွက် ပုဂ္ဂလိကပိုင်ပြုလုပ်ရေးနည်းလမ်းများအား အသုံးပြု၍ ဆောင်ရွက်ရန်၊

(ဃ) ပြည်သူ့ဘဏ္ဍာငွေများကို စီမံခန့်ခွဲသုံးစွဲရာ၌ ဘတ်ဂျက်လိုငွေကြောင့် နိုင်ငံတော်နှင့် ပြည်သူတို့အတွက် ဝန်ထုပ်ဝန်ပိုးမဖြစ်စေရန် အစိုးရဌာနများမှ ဆောင်ရွက်လျက် ရှိသည့် လုပ်ငန်းများမှ ပုဂ္ဂလိကများသို့ လုပ်ဆောင်နိုင်မည့်လုပ်ငန်းများအား ခွဲဝေ လွှဲပြောင်းပေးရန်၊

(င) အစိုးရ-ပုဂ္ဂလိကပူးပေါင်းဆောင်ရွက်ခြင်း (Public – Private Partnership – PPP)၊ ပုဂ္ဂလိက-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်ခြင်း (Private – Private Partnership) လုပ်ငန်းများဆောင်ရွက်ခြင်းဖြင့် အရင်းအနှီးများတိုးတက်ရရှိလာခြင်း၊ နည်းပညာဖွံ့ဖြိုးမှုမှတစ်ဆင့် ထုတ်ကုန်များဖွံ့ဖြိုးတိုးတက်လာပြီး ဈေးကွက်ယှဉ်ပြိုင်မှုများ၊ စီမံခန့်ခွဲမှုများနှင့် ပွင့်လင်းမြင်သာမှုများ တိုးတက်လာခြင်းတို့မှတစ်ဆင့် ပြည်သူနှင့်နိုင်ငံဖွံ့ဖြိုးမှုအတွက် အကျိုးကျေးဇူးများ ဖြစ်ပေါ်လာစေရေး ဆောင်ရွက်ပေးရန်၊

(စ) ပုဂ္ဂလိကပိုင်ပြုလုပ်ရေးနှင့် သက်ဆိုင်သည့်ဘဏ္ဍာရေးနှင့် ငွေရေးကြေးရေးဆိုင်ရာကိစ္စရပ်များကို သတ်မှတ်ပေးရန်၊

(ဆ) ကျွမ်းကျင်မှုဆိုင်ရာလုပ်ငန်းကော်မတီများဖွဲ့စည်းရန်နှင့် ယင်းတို့၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များကို သတ်မှတ်ပေးရန်၊

(ဇ) ပုဂ္ဂလိကသို့ လွှဲပြောင်းရောင်းချခြင်းမပြုသည့် နိုင်ငံတော်အစိုးရက မဖြစ်မနေဆက်လက်ဆောင်ရွက်ရမည့် စက်ရုံ၊ အလုပ်ရုံနှင့် လုပ်ငန်းများအား စီးပွားရေးအရတွက်ခြေကိုက်မှု ရှိ/မရှိစိစစ်သုံးသပ်ရန်၊

(ဈ) ပုဂ္ဂလိကပိုင်ပြုလုပ်ရာတွင် စက်ရုံ၊ အလုပ်ရုံနှင့် လုပ်ငန်းများအား ဝယ်ယူသူမှ အခြားလုပ်ငန်းသို့ ပြောင်းလဲလုပ်ကိုင်ခွင့်မရှိဘဲ အခြားလုပ်ငန်းသို့ ပြောင်းလဲလုပ်ကိုင်လိုပါက ဆောင်ရွက်လိုသည့်လုပ်ငန်းအား စိစစ်သုံးသပ်ရန်။

၃။ ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်သည် လိုအပ်သည့် ဆပ်ကော်မတီများဖွဲ့စည်းခြင်း၊ အမိန့်များ၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများ ထုတ်ပြန်ခြင်းတို့အတွက် အခြားဝန်ကြီးဌာနများနှင့် လိုအပ်သလို ပေါင်းစပ်ညှိနှိုင်း၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံးသို့ တင်ပြအတည်ပြုချက်ရယူရမည်။

၄။ ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်၏ လုပ်ငန်းဆောင်ရွက်ချက် အစီရင်ခံစာများကို အခါအားလျော်စွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ စီမံခန့်ခွဲရေးကော်မတီသို့ အစီရင်ခံတင်ပြရမည်။

၅။ နိုင်ငံတော်သမ္မတရုံး၏ ၄ – ၅ – ၂၀၁၆ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁၀/၂၀၁၆ နှင့် ၁၃ – ၉ – ၂၀၁၈ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၇၀/၂၀၁၈ တို့ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ